MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

# စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

အောက်ဖော်ပြပါ စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်) အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အခြေခံထားခြင်းဖြစ်ပြီး ထိုဘဏ္ဍာရေး ရှင်းတမ်းနှင့်အတူ တွဲ၍ဖတ်ရှုနိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိပါလျှင် ငွေပမာဏဖော်ပြချက် အားလုံးမှာ မြန်မာကျပ်ငွေ ဖြစ်ပါသည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းအား နိုင်ငံတကာဘဏ္ဍာရေး အစီအရင်ခံခြင်းဆိုင်ရာစံများ (IFRS) နှင့်အညီ ရေးဆွဲထားပြီး၊ ပြင်ပ စာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့မှ စစ်ဆေးထားပြီး ဖြစ်ပါသည်။

ထို့အပြင် ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့တွင် အတည်ပြုပြီးဖြစ်ပါသည်။

## မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့စမင့်လီမိတက် (“MJTD”)

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့စမင့်လီမိတက် ကို သီလဝါ အထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် စက်မှုလုပ်ငန်း ဧရိယာ အား ရင်းနှီးတည်ဆောက်ခြင်း၊ဈေးကွက်တင်ရောင်းချခြင်း၊နှစ်ရှည်ငှားရမ်းခြင်း နှင့် စက်မှုလုပ်ငန်းဧရိယာ လည်ပတ်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် အတွက် တည်ထောင်ခဲ့ပါသည်။မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက်သည် မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့စမင့်လီမိတက် ၏ မတည်ငွေရင်း အများစုကို ပိုင်ဆိုင်ထားပြီး၊ ဒါရိုက်တာ အဖွဲ့ဝင် (၄) ဦး နှင့် အရာရှိအဖွဲ့ဝင် (၄) နေရာ တို့ကို စေလွှတ်တာဝန်ပေးထားပြီး စဉ်ဆက်မပြတ် စီမံအုပ်ချုပ်မှုများ ပြုလုပ်ထားရှိပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့စမင့်လီမိတက် သည် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသားတင် အမြတ်ငွေ အမေရိကန် ဒေါ်လာ (၂.၉)သန်း ရရှိခဲ့ပါသည်။ ၂၀၂၅ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် စုဆောင်းပြီးအမြတ်လက်ကျန် အမေရိကန် ဒေါ်လာ (၅၉.၉)သန်း ရှိပါသည်။ ယခုဘဏ္ဍာရေးနှစ်အတွင်း ရင်းနှီးမြုပ်နှံလိုသူများထံမှ မြေယာငှားရမ်းမှု ၃ ခု (စုစုပေါင်းမြေယာ ၄.၆ ဟက်တာ)အတွက် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့စမင့်လီမိတက်တွင် 2MW ရှိသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး ကို ၂၀၂၃ ခုနှစ်တွင် စတင်တပ်ဆင်ခဲ့ပြီး ယခုဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်စွမ်းအားကို ထုတ်ယူသုံးစွဲလျှက်ရှိပါသည်။ ၎င်းစီမံကိန်းမှ လာမည့်နှစ်ကုန်တွင် 4MW အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားပြီး လိုင်းစနစ်အတွင်း 3.5MW ထပ်တိုးတပ်ဆင်ရန် လျာထားပါသည်။ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းမှ စုစုပေါင်း 15MW အထိ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားပါသည်။ ယခုဘဏ္ဍာရေးနှစ်မှ စတင်ပြီး မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့စမင့်လီမိတက် ၏ နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးမှ ဝင်ငွေစီးဆင်းမှုများလည်း ရရှိနိုင်မည် ဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် (“TPD”)

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် ကို သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်း နှင့် နှစ်ရှည်ငှားရမ်း ခြင်းလုပ်ငန်းများ လုပ် ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါးတီး ဒတ်ပလော့မင့်လီမိတက် ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)နှင့် ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားပြီး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)မှ အစုရှယ်ယာ (၂၀) ရာခိုင်နှုန်းနှင့် မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့် သက်ဆိုင်သောကုမ္ပဏီ လီမိတက်မှ (၈၀) ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ကြပါသည်။

ကမ္ဘာ့စီးပွါးရေးကျဆင်းမှု နှင့် ပြည်တွင်းစီးပွါးရေး မတည်ငြိမ်မှုများ အပါအဝင် အခြားသော စိန်ခေါ်မှုများ ရှိသော်လည်း သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် အနေဖြင့် ဆိုင်ခန်း ငါးခန်းအားထပ်တိုးငှားရမ်းမှုရရှိခဲ့ပြီး မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အမြတ်ငွေကျပ် (၁.၄) ဘီလီယံ ရရှိခဲ့ပါသည်။ အခြေခံအဆောက်အအုံများအား အစဉ်မပြတ် အဆင့်မြှင့်တင် မွမ်းမံမှုများကြောင့် အဆိုပါ ပိုင်ဆိုင်မှုများ၏ တန်ဖိုးကိုမြှင့်တင်ပေးနိုင်မည် ဖြစ်ပြီး အနာဂတ်တွင် ငှားရမ်းမှုဝင်ငွေ တိုးမြှင့်စေရန်အတွက် အထောက်အကူဖြစ်စေပါသည်။ စုဆောင်းထားသော အမြတ်ငွေမှာ ကျပ် (၁၀.၃) ဘီလီယံ၊ ငွေသား နှင့် ဘဏ်လက်ကျန်မှာ ကျပ် (၅.၃) ဘီလီယံ ဖြစ်ပြီး ၎င်းလက်ကျန်များအနက် အမေရိကန် ဒေါ်လာ(၁.၃၉) သန်း ပါရှိပါသည်။ ခိုင်မာသော ငွေဖြစ်လွယ်မှုအခြေအနေများသည် သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် ၏ စဉ်ဆက်မပြတ်တိုးတက်မှုများ နှင့် အနာဂတ်ချဲ့ထွင်မှုများအတွက် ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်များကို လိုက်လျော ညီထွေစွာ အထောက်အပံ့ဖြစ်စေပါသည်။

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက်တွင် 3.2MW ရှိသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းကို ဆောင်ရွက်မည် ဖြစ်ပါသည်။ ၎င်းစီမံကိန်းမှ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစီးဆင်းမှုများနှင့်အတူ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

## မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“MTSH”)

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် ဒုတိယမြောက် စာရင်းဝင်သည့်ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသားတင်အမြတ်ငွေမှာ ကျပ်(၁၁.၈) ဘီလီယံ ရရှိခဲ့ပါသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် အသားတင်အမြတ်ငွေကျပ် (၀.၉၈) ဘီလီယံ မှ ကျပ် (၁၁.၈) ဘီလီယံ သို့ တိုးတက်ခဲ့ပြီး အမြတ်ငွေများ မြင့်မားလာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခုဘဏ္ဍာနှစ်တွင် စီမံအုပ်ချုပ်မှုမှရရှိသော ဝင်ငွေ တိုးမြှင့် ရရှိခြင်း၊ ကုန်သွယ်မှုဆိုင်ရာ လုပ်ဆောင်ချက်များ၊ အရောင်းကိုယ်စားလှယ် ကော်မရှင်ခများ ရရှိခြင်း နှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းအကျိုးသက်ရောက်မှုများ ကြောင့်ဖြစ်ပါသည်။

လက်ငင်းမဟုတ်သော ရပိုင်ခွင့်များတိုးမြင့်လာရခြင်းမှာ တွဲဖက်လုပ်ငန်းမှ ဖြစ်ပေါ်လာသည့် အမြတ်ငွေကြောင့်ဖြစ်ပြီး ၂၀၂၅ ခုနှစ် မတ်လ ၃၁ နေ့တွင် ကျပ် (၇၆.၅) ဘီလီယံရှိပါသည်။ ၎င်းအနက်မှ ၆၆% သည် တွဲဖက်လုပ်ငန်းမှ ဖြစ်ပေါ်လာသည့် မခွဲဝေရသေးသော အမြတ်ငွေဖြစ်ပါသည်။ လက်ငင်းရပိုင်ခွင့်များ တိုးလာရခြင်းမှာ နေရောင်ခြည်စွမ်းအင် စီမံကိန်းနှင့် စပ်လျဉ်း၍ ကြိုတင်ငွေပေးချေမှု နှင့် အမှန်မပေါ်ပေါက်ခဲ့သော နိုင်ငံခြားငွေလဲလှယ်နှုန်း အကျိုးသက်ရောက်မှုများကြောင့်ဖြစ်ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် လက်ငင်းရပိုင်ခွင့်စုစုပေါင်းမှာ ကျပ် (၁၅.၈) ဘီလီယံ ရှိပြီး ယခင်နှစ်နှင့် နှိုင်းယှဥ်ပါက ကျပ် (၇.၇) ဘီလီယံ တိုးမြင့်လာပါသည်။

ကုမ္ပဏီ၏ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုဆောင်းထားသော အမြတ်ငွေမှာ ကျပ် (၄၉.၂) ဘီလီယံ ရှိပြီး ငွေနှင့်ငွေသားညီမျှခြင်းလက်ကျန် မှာ ကျပ်(၁၂.၅) ဘီလီယံရှိပါသည်။

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့်၎င်း၏ လက်အောက်ခံ ကုမ္ပဏီ (“MTSH အုပ်စု”)**
**ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်**

| | ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက် **(ကျပ်သန်းပေါင်း)** | ပြောင်းလဲချက် |
|---|---|---|---|
| ဝင်ငွေ | ၂၀,၀၉၆ | ၃,၆၂၆ | ▲ |
| ဝင်ငွေအပေါ် မူရင်းကုန်ကျစရိတ် | (၁၃,၇၇၁) | (၁,၃၂၄) | ▲ |
| **အကြမ်းအမြတ်** | **၆,၃၂၅** | **၂,၃၀၂** | ▲ |
| ဘဏ္ဍာရေးစရိတ်များ | (၁၅) | (၂၄) | ▼ |
| အရောင်းနှင့် စီမံအသုံးစရိတ် | (၃,၉၃၆) | (၂,၂၄၄) | ▲ |
| တွဲဖက်လုပ်ငန်းမှ ရသည့်အမြတ်ငွေ | ၄,၃၉၃ | ၁,၂၇၅ | ▲ |
| **လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ** | **၆,၇၆၇** | **၁,၃၁၀** | ▲ |
| အခြားနည်းလမ်းမှရသည့်ဝင်ငွေ | ၇၄၀ | ၁၃၂ | ▲ |
| နိုင်ငံခြားငွေကြေးလဲလှယ်မှု အမြတ်/ အရှုံး | ၇,၂၃၉ | (၅၃) | ▲ |
| **အခွန်လျာထားခြင်း မပြုမီ စုစုပေါင်းအမြတ်** | **၁၄,၇၄၆** | **၁,၃၈၉** | ▲ |
| ဝင်ငွေခွန် | (၁,၅၁၅) | (၂) | ▲ |
| **အသားတင်အမြတ်** | **၁၃,၂၃၁** | **၁,၃၈၇** | ▲ |

| | | | |
|---|---|---|---|
| အသားတင်အမြတ်ရာခိုင်နှုန်း | ၆၆% | ၃၈% | ▲ |

| | | | |
|---|---|---|---|
| ရှယ်ယာတစ်စောင်၏ဝင်ငွေ (ကျပ်) | ၃၃၃ | ၃၄ | ▲ |

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဝင်ငွေမှာ ကျပ် (၂၀) ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ် နှင့်နှိုင်းယှဉ်ပါက ကျပ် (၁၆.၅) ဘီလီယံ တိုးမြင့် ရရှိခဲ့ပါသည်။ ဝင်ငွေတိုးတက်လာရခြင်း၏ အဓိကအကြောင်းအရင်းမှာ စီမံ အုပ်ချုပ်မှုမှ ရရှိသော ဝင်ငွေမြင့်တက်လာခြင်း၊ နှစ်ရှည်မြေငှားရမ်းခြင်းမှ ကော်မရှင်ဝင်ငွေ နှင့် ကုန်သွယ်လုပ်ငန်းမှ ရရှိသော ဝင်ငွေတို့ကြောင့်ဖြစ်ပါသည်။

အကြမ်းအမြတ်သည် ကျပ်(၆.၃) ဘီလီယံဖြစ်ပြီး ၎င်းအကြမ်းအမြတ်သည် ယခင် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ကျပ် (၄) ဘီလီယံ အသားတင်တိုးမြင့် ရရှိခဲ့ပါသည်။ လုပ်ငန်းလည်ပတ်မှု အမြတ်ငွေသည် ကျပ်(၆.၈)ဘီလီယံ ဖြစ်ပြီး ယခင်နှစ် နှင့် နှိုင်းယှဉ်ပါက ကျပ် (၅.၅) ဘီလီယံ တိုးမြင့် ရရှိခဲ့ပါသည်။ ဤတိုးတက်မှုသည် အထက်ဖော်ပြပါ အကြောင်းအရင်းများနှင့် တွဲဖက်လုပ်ငန်းမှရရှိသော အမြတ်ငွေများ တိုးမြင့်လာခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက်နှင့် ဆက်စပ်၍ ရရှိမည့်အမြတ်ဝေစုပမာဏမှာ ယခုဘဏ္ဍာရေးနှစ်အတွင်း နှစ်ရှည်မြေငှားရမ်းခြင်းများ ရရှိခဲ့ခြင်းကြောင့် ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ကျပ် (၁.၃)ဘီလီယံ မှ ကျပ် (၄.၄)ဘီလီယံ သို့ တိုးမြင့်ခဲ့ပါသည်။

ယခုဘဏ္ဍာရေးနှစ်၏ အသားတင် အမြတ်ပမာဏမှာ ကျပ် (၁၃.၂)ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ် နှင့် နှိုင်းယှဉ်ပါက ကျပ် (၁၁.၈) ဘီလီယံ တိုးမြင့် ရရှိခဲ့ပါသည်။ ဤတိုးတက်မှုသည် အထက်ဖော်ပြပါ အကြောင်းအရင်းများနှင့် နိုင်ငံခြား ငွေလဲလှယ်နှုန်း ပြောင်းလဲမှု အမြတ်များ ကြောင့်ဖြစ်ပါသည်။ ကုမ္ပဏီ၏ အစုရှင်များသို့ ခွဲဝေနိုင်သော အမြတ်မှာ ကျပ် (၁၂.၉)ဘီလီယံ ဖြစ်ပါသည်။

ယေဘူယျအားဖြင့် အထက်ဖော်ပြပါ အခြေအနေများကြောင့် နှိုင်းယှဉ်ကာလတွင် ရှယ်ယာတစ်စု၏ ဝင်ငွေသည် ကျပ် (၃၄) မှ ယခုဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ရှယ်ယာတစ်စု၏ ဝင်ငွေသည် ကျပ် (၃၃၃) သို့ မြင့်တက်ခဲ့ပါသည်။ ယခုနှစ် ဘဏ္ဍာရေးအချက်အလက်များအပေါ် အခြေခံ၍ ဇွန်လ (၂၄) ရက်နေ့တွင် ကျင်းပသော ဒါရိုက်တာအစည်းအဝေးတွင် အစုရှယ်ယာတစ်စုလျှင် ကျပ် (၁၉၀) အမြတ်ဝေစုခွဲဝေပေးရန်ဆုံးဖြတ်ခဲ့ပြီး ၎င်းအားလာမည့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ကြေညာမည်ဖြစ်ပါသည်။

## ကုမ္ပဏီအုပ်စု၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်

လက်ငင်းရပိုင်ခွင့်များ မြင့်တက်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခုဘဏ္ဍာရေးနှစ်အတွင်း စီမံအုပ်ချုပ်မှုမှရရှိသော ဝင်ငွေမြင့်တက်လာခြင်း၊ ကုန်သွယ်လုပ်ငန်းမှ ရရှိသော ဝင်ငွေများကြောင့် ငွေနှင့်ငွေသားလက်ကျန်များ မြင့်တက်လာရခြင်း ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စု ၏ စုစုပေါင်း လက်ငင်းရပိုင်ခွင့်မှာ ကျပ် (၄၆.၇) ဘီလီယံ ဖြစ်ပြီး ၎င်းပမာဏထဲတွင် ငွေသားနှင့် ဘဏ်လက်ကျန် ပိုင်ဆိုင်မှုမှာ ကျပ်(၁၇.၇)ဘီလီယံ ဖြစ်ပါသည်။

လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ မြင့်တက်လာရခြင်းမှာ တွဲဖက်ကုမ္ပဏီ ၏ စုဆောင်းပြီး မခွဲဝေရသေးသော အမြတ် လက်ကျန်ငွေ တိုးလာခြင်းနှင့်ဆက်စပ်၍ ရရှိမည့် အမြတ်ဝေစုကြောင့် ဖြစ်ပါသည်။ လက်ငင်းမ ဟုတ်သောရပိုင်ခွင့် ကျပ် (၅၉.၃) ဘီလီယံအနက် မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် ၏ စုဆောင်းပြီး မခွဲဝေရသေးသော အမြတ်လက်ကျန်ငွေ ကျပ် (၅၀.၇) ဘီလီယံရှိပါသည်။

လက်ငင်းနှင့်လက်ငင်းမဟုတ်သော ပေးရန်တာဝန် ကျပ် (၂.၂)ဘီလီယံ မှ ကျပ်(၄.၅)ဘီလီယံ သို့ မြင့်တက်လာရခြင်းမှာ နှစ်ကုန်ရှိ မခွဲဝေရသေးသောအမြတ်ဝေစုများနှင့် သဘာဝဘေးအန္တရာယ်အတွက် အလှူငွေလျာထား ချက်ကြောင့် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အတွက် စုဆောင်းပြီး အသားတင် အမြတ်လက်ကျန်သည် ကျပ် (၁၁) ဘီလီယံ ( ကျပ် (၄၃.၄) ဘီလီယံ မှ ကျပ် (၅၄.၄) ဘီလီယံ) မြင့်တက်ခဲ့ပါသည်။ စုဆောင်းပြီး အမြတ်လက်ကျန်ငွေ မြင့်တက်ရခြင်း၏ အဓိက အကြောင်းအရင်းမှာ ယခုဘဏ္ဍာရေးနှစ်အတွင်း ရရှိသော အမြတ်ငွေနှင့် အစုရှယ်ယာရှင်များအားပေးသော အမြတ်ဝေစုများ ၏ အကျိုးသက်ရောက်မှုကြောင့်ဖြစ်ပါသည်။

| | ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၄ နှစ်၊ မတ်လ (၃၁)ရက် **(ကျပ်သန်းပေါင်း)** | ပြောင်းလဲချက် |
|---|---:|---:|:---:|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းရပိုင်ခွင့်များ | ၄၆,၆၈၅ | ၃၈,၃၉၀ | ▲ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ၅၉,၂၅၉ | ၅၃,၉၃၀ | ▲ |
| **စုစုပေါင်းရပိုင်ခွင့်များ** | **၁၀၅,၉၄၄** | **၉၂,၃၂၀** | ▲ |
| **ပေးရန်တာဝန်များ** | | | |
| လက်ငင်းပေးရန်တာဝန်များ | ၄,၄၅၂ | ၂,၁၄၂ | ▲ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | ၆၃ | ၃၄ | ▲ |
| **စုစုပေါင်းပေးရန်တာဝန်များ** | **၄,၅၁၅** | **၂,၁၇၆** | ▲ |
| **အသားတင်ရပိုင်ခွင့်များ** | **၁၀၁,၄၂၉** | **၉၀,၁၄၄** | ▲ |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပြီး မတည်ငွေ | ၃၈,၉၂၉ | ၃၈,၉၂၉ | - |
| စုဆောင်းပြီး အမြတ်လက်ကျန် | ၅၄,၄၃၁ | ၄၃,၄၃၀ | ▲ |
| ထိန်းချုပ်မှုမရှိသောပိုင်ဆိုင်မှုများ | ၈,၀၆၉ | ၇,၇၈၅ | ▲ |
| **စုပေါင်းရင်းနှီးငွေ** | **၁၀၁,၄၂၉** | **၉၀,၁၄၄** | ▲ |

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## အနာဂါတ်ကာလ မျှော်မှန်းချက်

MTSH Group သည် ၂၀၂၅ ခုနှစ်ကို ဘဏ္ဍာရေးအရ တောင့်တင်းခိုင်မာပြီး တည်ငြိမ်မှုရှိသောနှစ်သစ်အဖြစ် စတင်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ငွေသားအရံအားဖြင့် မြန်မာကျပ် ၁၇.၇ ဘီလျံရှိနေပြီး ငွေကြေးလည်ပတ်မှုမှာလည်း ကောင်းမွန်မှုတသည့် အခြေအနေတွင်ရှိနေပါသည်။ ဤအချက်သည် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများပေါ်ပေါက်လာပါက အမိအရဖမ်းဆုပ်နိုင်ရန် မိမိတို့အား ငွေကြေးအရ လိုအပ်သလိုပြောင်းလဲအသုံးချနိုင်စွမ်းကို ပံ့ပိုးပေးပါသည်။ ဤအားသာချက်ကို အသုံးပြုကာ MTSH အနေဖြင့် ပြန်လည်အသုံးပြုနိုင်သောစွမ်းအင်နယ်ပယ်ရှိ မိမိတို့၏ လုပ်ကိုင်နိုင်စွမ်းနှင့်လုပ်ငန်းအတိုင်းအတာကို တိုးချဲ့ကာ ရင်းနှီးမြှုပ်နှံသူများအတွက် ရေရှည်အကျိုးစီးပွားများ ပိုမိုကောင်းမွန်ခိုင်မာအောင် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းများတွင် ပိုမိုတွင်ကျယ်စွာလုပ်ကိုင်နိုင်ရန် အကောင်အထည်ဖော်လျက်ရှိသည်နှင့်အညီ MTSH Group ကုမ္ပဏီများအားလုံးတွင်တပ်ဆင်ထားသော နေရောင်ခြည်စွမ်းအင်သုံးစွဲရေးစနစ်များမှ လျှပ်စစ်ဓါတ်အား ၄.၀၅ မဂ္ဂါဝပ်ကို ထုတ်ယူသုံးစွဲလျက်ရှိသည်။ နောက်လာမည့်နှစ်တွင် နိုင်ငံတော်၏ စွမ်းအင်မူဝါဒများ၊ MTSH ၏ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ တာဝန်ယူမှုများနှင့်အညီ နေရောင်ခြည် စွမ်းအင်မှ လျှပ်စစ်ဓါတ်အားထုတ်ယူသုံးစွဲနိုင်မှုကို ၁၈ မဂ္ဂါဝပ်အထိ တိုးမြှင့်နိုင်ရန် ရည်မှန်းထားပါသည်။

ပြည်တွင်းပြည်ပဆိုင်ရာ စီးပွားရေးဖိအားများရှိနေသည့်တိုင်အောင် သီလဝါအထူးစီးပွားရေးဇုန်အပေါ် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုသည် လျော့ကျမသွားပဲ ဆက်လက်ခိုင်မာလျက်ရှိပါသည်။ ဇုန်အတွင်း စက်ရုံအဆောက်အဦးသစ် တည်ဆောက်မှုများလည်းရှိနေပြီး ဤအချက်ကိုကြည့်ခြင်းအားဖြင့် သီလဝါအထူးစီးပွားရေးဇုန်၏ ကနဦးအခွန်အခများအပါအဝင် အထူးကင်းလွတ်ခွင့်များ၊ စက်မှုလုပ်ငန်းစံချိန်စံနှုန်းများနှင့်ကိုက်ညီသည့် အခြေခံအဆောက်အအုံများနှင့် ထိရောက်စွာလုပ်ငန်းလည်ပတ်ရေး အထောက်အပံ့များကြောင့် ရင်းနှီးမြှုပ်နှံသူများအတွက် အဓိကဆွဲဆောင်မှုတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သည်ကို သိနိုင်ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုအသစ်များ အရှိန်အဟုန်ဖြင့်တိုးပွားလာစေရန် မျှော်လင့်ထားပြီး ထိုမှတစ်ဆင့် သီလဝါအထူးစီးပွားရေးဇုန်ကို မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသော အခြေခံအုတ်မြစ်တစ်ခုဖြစ်လာစေမည့်အပြင် မိမိတို့၏ အုပ်စုကုမ္ပဏီများတွင် စဉ်ဆက်မပြတ် ဝင်ငွေလည်ပတ်ရရှိစေရေးအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

နည်းဗျူဟာအနေဖြင့် MTSH သည် ကုန်သွယ်မှုလုပ်ငန်းတွင် အမြတ်အစွန်းရရှိနိုင်သောရောင်းဝယ်မှုများကိုလည်း သက်ဆိုင်ရာနယ်ပယ်အသီးသီး၌ ကျွမ်းကျင်သောပညာရှင်များ၏ အကြံဉာဏ်နှင့်အကူအညီများ ရယူဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည့် စီးပွားရေးဇုန်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးအခွင့်အလမ်း ဆန်းစစ်လေ့လာမှုများ ပြုလုပ်လျက်ရှိပါသည်။

အနာဂါတ်ကာလများတွင် MTSH နှင့် မိတ်ဖက်ကုမ္ပဏီများသည် မိမိတို့၏ ဘဏ္ဍာရေးအရင်းအမြစ်များကို အမြော်အမြင်ရှိစွာ မဟာဗျူဟာကျကျ ဖြန့်ကျက်သုံးစွဲသွားမည့်အပြင် ရေရှည်တည့်တံ့ခိုင်မြဲရေးဆိုင်ရာတန်ဖိုးများကို ကျင့်သုံးဖော်ဆောင်ခြင်းဖြင့်လည်း မိမိတို့နှင့် အကျိုးစီးပွားသက်ဆိုင်သူအားလုံးတို့ထံ ရေရှည်အကျိုးရလဒ်များ ယူဆောင်ပေးနိုင်ရန် ဦးတည်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## MANAGEMENT DISCUSSION AND ANALYSIS

The following Management Discussion and Analysis ("MD&A") is based on Myanmar Thilawa SEZ Holdings Public Company Limited ("MTSH") Consolidated Financial Statements for the year ended 31 March 2025 ("FY2024-2025") and should be read in conjunction with those financial statements. All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

The financial statements are prepared in accordance with International Financial Reporting Standards (IFRS) and audited by the Independent Auditor, Win Thin and Associates.

The Board of Directors approved this document on 24 June 2025.

### Myanmar Japan Thilawa Development Limited ("MJTD")

MJTD was established to undertake the development, marketing, leasing, and operation of the Industrial Area in Thilawa SEZ. MTSH holds a majority share of MJTD's shareholding, represented four board seats, and dispatched four key officers to support the company's strategic direction and ensure sustained operational and financial performance of MJTD.

For the year ended 31 March 2025, MJTD achieved a net profit of USD 2.9 million. Retained Earnings were USD 59.9 million as of 31 March 2025. Three land subleases have been signed during the reporting period for a total of 4.6 Hectares. On top of that, MJTD has installed solar systems since 2023, with a capacity of 2 MW. The solar energy project is commencing generation during the reporting period and has doubled its capacity to 4 MW by the end of the year. Furthermore, there are further expansions of an additional 3.5 MW capacity in the pipeline, and the total targeted capacity is 15 MW for the project. MJTD is getting benefits from an additional line of revenue with its solar business and continues to grow.

### Thilawa Property Development Limited ("TPD")

TPD was formed to undertake the development, construction, marketing, leasing, and operation of the Residential and Commercial Area in Thilawa Special Economic Zone ("Thilawa SEZ"). TPD is a joint venture with Thilawa Special Economic Zone Management Committee Company Limited ("TSMCC") in which TSMCC owns 20% and MTSH owns 80%.

TPD achieved a profit of MMK 1.4 billion for the year ended 31 March 2025. TPD demonstrated resilience by achieving additional five shop houses rentals in a difficult economic environment marked by global recession and local instability. Ongoing major upgrades to the dormitory infrastructure are expected to enhance property value, which may contribute to an increase in rental income in the future.

As of 31 March 2025, the company had MMK 10.3 billion in Retained Earnings and Cash and bank equivalent MMK 5.3 billion, out of which 1.39 million were in USD currency. The strong liquidity position provides flexibility to fund ongoing improvements and future expansion.

TPD will install a capacity of 3.2 MW solar energy project and will be getting benefits not only from additional revenue with its solar business in the sequence year but also supports environmental goals.

**Myanmar Thilawa SEZ Holdings Public Company Limited ("MTSH")**

Myanmar Thilawa SEZ Holdings Public Company Limited was incorporated on the 3rd of May 2013 in Myanmar under the Companies Act as a public limited company. On 20th May 2016, MTSH became the second company which is listed on the Yangon Stock Exchange.

The net profit of MTSH's stand-alone result for the year ended 31 March 2025 is MMK 11.8 billion. Net profit increased from MMK 0.98 billion in (FY2023- 24) to MMK 11.8 billion in (FY2024- 25) mainly due to increase management fees, sales agent commission, foreign currency revaluation impact, and trading activities during the financial year.

The increase in non-current assets is a result of the share of profit from MJTD. As of 31 March 2025, there were MMK 76.5 billion total non-current assets, out of which 66% were from the share of profit from MJTD. The increase in current assets is a result of an advance payment made to the supplier in relation to the solar energy initiative and foreign currency revaluation impact. Current assets totaled MMK 15.8 billion in (FY2024- 25), and it was increased by MMK 7.7 billion compared to the previous year.

As of 31 March 2025, the company had MMK 49.2 billion in Retained Earnings and MMK 12.5 billion in Cash and Bank reserves.

**Myanmar Thilawa SEZ Holdings Public Company Limited and Its Subsidiary ("MTSH GROUP")**

**<u>Summarized Consolidated Income Statement for the year ended</u>**

| | | | Kyat in million |
|---|---|---|---|
| | **31-Mar-25** | **31-Mar-24** | **Changes** |
| Revenue | 20,096 | 3,626 | ▲ |
| Cost of Sales | (13,771) | (1,324) | ▲ |
| **Gross Profit** | **6,325** | **2,302** | ▲ |
| Finance Costs | (15) | (24) | ▼ |
| Selling & administrative expenses | (3,936) | (2,244) | ▲ |
| Share of profit from associate | 4,393 | 1,275 | ▲ |
| **Operating profit** | **6,767** | **1,310** | ▲ |
| Income from non-operating activities | 740 | 132 | ▲ |
| Other gain/(losses) | 7,239 | (53) | ▲ |
| **Total profit before tax** | **14,746** | **1,389** | ▲ |
| Income tax expense | (1,515) | (2) | ▲ |
| **Net Profit** | **13,231** | **1,387** | ▲ |
| Net Profit Margin | 66% | 38% | ▲ |
| Earning Per Share (Kyat) | 333 | 34 | ▲ |

Revenue for the FY2024- 25 is MMK 20 billion and increased by MMK 16.5 billion compared to the previous year. This growth was mainly driven by an increase in management fees, sales agent commission income and income generated from trading activities.

Operating profit for this financial year is MMK 6.8 billion and increased by MMK 5.5 billion compared to the previous year, partially due to an increase the gross profit as mentioned above and partially due to an increase in share of profit from associate in the financial year.

The share of the profit earned from investment in associate company (MJTD) is increased from MMK 1.3 billion (in FY2023- 24) to MMK 4.4 billion (in FY2024- 25).

As a result, net profit for this financial year was MMK 13.2 billion and increased by MMK 11.8 billion compared with the previous year, partially due to the increasing operation profit as mentioned above and partially due to the revaluation effects of the foreign currency reserves. The profit attributable to the equity shareholders of the company is MMK 12.9 billion.

Overall, as a result of the factors discussed above, consolidated EPS increased significantly to MMK 333 per share for the year ended 31 March 2025, up from MMK 34 per share in the previous fiscal year, an increase of MMK 299 per share. The board of directors resolved to distribute dividend MMK 190 per share based on this year financial result in 24 June BOD meeting and will announce it on upcoming AGM.

**Summarized Consolidated Statement of Financial Position as at 31 March 2025**

| | | | Kyat in million |
|---|---|---|---|
| | **31-Mar-25** | **31-Mar-24** | **Changes** |
| Assets | | | |
| Current Assets | 46,685 | 38,390 | ▲ |
| Non-current assets | 59,259 | 53,930 | ▲ |
| **Total assets** | **105,944** | **92,320** | ▲ |
| Liabilities | | | |
| Current Liabilities | 4,452 | 2,142 | ▲ |
| Non-current Liabilities | 63 | 34 | ▲ |
| Total Liabilities | 4,515 | 2,176 | ▲ |
| **Net assets** | **101,429** | **90,144** | ▲ |
| Equity | | | |
| Issued and paid up capital | 38,929 | 38,929 | – |
| Retained earnings | 54,431 | 43,430 | ▲ |
| Non-controlling interest | 8,069 | 7,785 | ▲ |
| **Total equity** | **101,429** | **90,144** | ▲ |

The increase in current assets is the impact of increasing cash and cash equivalents due to receiving higher management fees and gains from trading activities during the reporting period. The group has cash and bank reserves equivalent to MMK 17.7 billion out of MMK 46.7 billion in current assets.

The rise in non-current assets is an increase of the investment amount in the associate. The company has MMK 59.3 billion in non-current assets, out of which MMK 50.7 billion was a share of the accumulated Retained Earnings of MJTD.

Total liabilities increased to MMK 4.5 billion as of year-end, up from MMK 2.2 billion in the previous year, due to the increasing accrual of unpaid dividends and the provisioning for a donation to a natural disaster at the year-end.

Group's retained earnings increased by MMK 11 billion (increase from MMK 43.4 billion to MMK 54.4 billion) on 31 March 2025, mainly due to the net impact of profit and dividends paid out to the shareholders during this financial year.

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**Forward-Looking Statement**

MTSH Group enters the new fiscal year with a solid financial foundation. Our strong cash reserves—MMK 17.7 billion as of 31 March 2025—combined with a healthy cash flow position, provide us with the liquidity and flexibility to rapidly seize strategic investment opportunities. We are leveraging this strength to scale up our renewable energy footprint and reinforce long-term value creation for shareholders.

Plans are underway to significantly expand our renewable energy initiatives. Building on our existing installed solar capacity of 4.05 MW across MTSH group companies. For the following year, we are targeting an ambitious increase to 18 MW, aligning with national energy goals and our own sustainability commitments.

Despite challenging macroeconomic conditions, investor confidence in Thilawa SEZ remains resilient. We are witnessing the establishment of new factories within the SEZ, a testament to the continued attractiveness of the zone's incentives, reliable infrastructure, and operational support. We anticipate more industrial operators to follow, reinforcing Thilawa SEZ as a cornerstone for Myanmar's industrial growth and our group's recurring revenue generation.

From a strategic standpoint, MTSH is actively exploring profitable trading opportunities, guided by the insights and expertise of professionals in relevant sectors. In parallel, we are continuously evaluating emerging economic zones with long-term growth potential, positioning the Group to participate in ventures that align with our vision for sustainable expansion.

Looking ahead, MTSH Group is committed to prudent capital deployment, sustainability-driven growth, and delivering long-term value to all stakeholders.